# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ၃၆၃ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

## ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ် ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များ သတ်မှတ်ခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေ ပုဒ်မ ၁၈ ပါ ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ်ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ယင်းဥပဒေ ပုဒ်မ ၆၁ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ်ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ နှင့်အထက်) ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည်-

(၁) ပြည်တွင်းရေကြောင်းသွားရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ အောက်) ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်ပြီး လုံးပေါင်းတန်ချိန် ၅၀၀ နှင့်အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်များတွင် ရေယာဉ်အုပ် လုပ်သက်တစ်နှစ် ရှိရမည်။

(၂) ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ နှင့် အထက်) သင်တန်းတက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။

(ခ) ပြည်တွင်းရေကြောင်းသွား ရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ အောက်) ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည်-

(၁) ပထမတန်း ရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၅၀၀ အောက်) ကျွမ်းကျင်မှု လက်မှတ် ကိုင်ဆောင်၍ လုံးပေါင်းတန်ချိန် ၃၀၀ နှင့်အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်များတွင် ရေယာဉ်အုပ် လုပ်သက်တစ်နှစ် ရှိရမည်။

(၂) အခြေခံပညာအထက်တန်း အောင်မြင်ပြီးဖြစ်ရမည်။

(၃) ပြည်တွင်းရေကြောင်းသွားရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၆၀၀ အောက်) သင်တန်းတက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီး ဖြစ်ရမည်။

(ဂ) ပြည်တွင်းရေကြောင်းသွား ပထမတန်း ရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၅၀၀ အောက်) ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည်-

(၁) ဒုတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၃၀၀ အောက်) ကျွမ်းကျင်မှု လက်မှတ် ကိုင်ဆောင်၍ လုံးပေါင်းတန်ချိန် ၁၅၀ နှင့်အထက် ပြည်တွင်း ရေကြောင်းသွားရေယာဉ်များတွင် ရေယာဉ်အုပ်လုပ်သက်တစ်နှစ် ရှိရမည်။

(၂) ပထမတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၅၀၀ အောက်) သင်တန်း တက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။

(ဃ) ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၃၀၀ အောက်) ကျွမ်းကျင်မှုလက်မှတ် လျှောက်ထားသူသည်-

(၁) တတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၅၀ အောက်) ကျွမ်းကျင် မှုလက်မှတ်ကိုင်ဆောင်၍ လုံးပေါင်းတန်ချိန် ၁၅၀ အောက် ပြည်တွင်း ရေကြောင်းသွားရေယာဉ်များတွင် ရေယာဉ်အုပ်လုပ်သက်တစ်နှစ် ရှိရမည်။

(၂) ဒုတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၃၀၀ အောက်) သင်တန်း တက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။

(င) ပြည်တွင်းရေကြောင်းသွားတတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၅၀ အောက်) ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည်-

(၁) ပြည်တွင်းရေကြောင်းသွားရေယာဉ်များတွင် ရေယာဉ်ဝန်ထမ်း လုပ်သက် နှစ်နှစ် ရှိရမည်။

(၂) တတိယတန်းရေယာဉ်အုပ် (လုံးပေါင်းတန်ချိန် ၁၅၀ အောက်) သင်တန်း တက်ရောက်ပြီး ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်ပြီးဖြစ်ရမည်။

၂။ ဤအမိန့်ကြော်ငြာစာ မထုတ်ပြန်မီ ယခင်အတည်ပြု ထုတ်ပေးခဲ့သော ပြည်တွင်း ရေကြောင်းသွား ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း ရေယာဉ်အုပ်ကျွမ်းကျင်မှု လက်မှတ်များသည် ယခုအမိန့်ကြော်ငြာစာပါ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း ရေယာဉ်အုပ်များ၏ အဆင့်တူနှင့် လုပ်သက်တူအဖြစ် သတ်မှတ်သည်။

၃။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၁၉-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဗိုလ်ချုပ်ကြီးတင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ပဆ-၂ / ရက (DMA) Noti (၁၁/ ၂၂၆)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

ဖြန့်ဝေခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း
ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း (၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
အမိန့်ကြော်ငြာစာတွဲ
ရုံးလက်ခံ
မျှောစာတွဲ

အမိန့်အရ

ဝင်းခန့်
အမြဲတမ်းအတွင်းဝန်